မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 255 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ ။ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ၊ (၂၈)ရက်

## ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအားအသိပေးခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၃၀)ခုမြောက်ဘဏ်ခွဲဖြစ်သော တောင်ကြီးဘဏ်ခွဲအား (၂၉-၈-၂၀၁၈)ရက်နေ့ နံနက်ပိုင်းမှစ၍ ဘဏ်ခွဲဖွင့်လှစ်မည်ဖြစ်ပြီး ဖွင့်လှစ်သည့်နေ့မှစပြီး ဘဏ်လုပ်ငန်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေငြာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား အမှတ်(၂၀၈)၊ ရေထွက်ဦးလမ်း၊ ကန်ရှေ့ရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ယင်းတောင်ကြီးဘဏ်ခွဲသည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း ဆဋ္ဌမအကြိမ်မြောက်ဖွင့်လှစ်သောဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပထမဆုံး ဖွင့်လှစ်သည့်ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် တောင်ကြီးမြို့ပေါ်ရှိနေပြည်သူများ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် လုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေးဆိုင်ရာ လွှဲပြောင်းခြင်း လုပ်ငန်းများကို အချိန်နှင့်တပြေးညီ ဆောင်ရွက်နိုင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်း အထောက်အကူ ပြုနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသားများဘဏ်လီမိတက်